PDF-XChange Viewer
Click to buy NOW!
www.docu-track.com



### မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်

တင်နိုင်တိုး

ဂျပန်ခေတ်၁ဩဂုတ်၁၉၄၃တွင် လွတ်လပ်ရေးကိုကြေညာခဲ့သည့်နည်းတူ အတိုင်ပင်ခံလွှတ်တော်(Privy Council)တစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

## လွှတ်တော်အမတ်များ

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်တွင် လွှတ်တော်အမတ်၂၀ဦးပါရှိရာ (၁)သခင်ကိုယ်တော်မှိုင်း(၂)ဦးသွင်(၃)ဒေါက်တာစံစီဖိုး(၄)ဦးချစ်လှိုင်(၅)ဦးထွန်းဖေ(၆)ဒေါက်တာဆက်(၇)ဟသ်ာတဦးမြ(၈)ဦးကျော်(၉)ဦးအေးမောင်(၁၀)ဦးမောင်မောင်ဖျား(၁၁)ဦးကြီးမြင့်(၁၂)ဦးဘိုးစံ(၁၃)လွယ်အိပ်ကြီးဦးဘလှိုင်(၁၄)ဦးခင်မောင်ပု(၁၅)ဒီးဒုတ်ဦးဘချို(၁၆)ဦးစိန်ဝင်း(ပဲခူး)(၁၇)မြန်မာ့အလင်းဦးတင်(၁၈)မန္တလေးဦးဘသီ(၁၉)သခင်သာဒင်(၂၀)ဦးမှို(မြင်းခြံ) တို့ဖြစ်ကြသည်။

## သစ္စာပြုကြခြင်း

၁ဩဂုတ်၁၉၄၃ မြန်မာနိုင်ငံအားလွတ်လပ်ရေးပေးအပ်သောအခမ်းအနား၌ပင် အတိုင်ပင်ခံလွှတ်တော်အမတ်များ၏သစ္စာပြုပွဲကို ကျင်းပခဲ့သည်။ပထမဦးစွာဝန်ကြီးအဖွဲ့က သစ္စာပြုခဲ့ကြပြီးနောက် နိုင်ငံတော်အဓိပတိဒေါက်တာဘမော်၏ခွင့်ပြုချက်အရ အခမ်းအနားမှူးဦးပိုင်က အတိုင်ပင်ခံလွှတ်တော်အမတ်များ၏အမည်စာရင်းကို ဖတ်ကြားကြေညာလိုက်၏။ထို့နောက် အမတ်များက အဓိပတိဒေါက်တာဘမော်၏ဝဲယာ၌ စီတန်းမတ်တပ်ရပ်ကာ တစ်ဦးချင်းကျမ်းသစ္စာဆိုကြရသည်။သစ္စာပြုကြစဉ် သခင်ကိုယ်တော်မှိုင်းနှင့်ဦးသွင်တို့အသံအားကောင်းစွာ မကြားရသော်လည်း မန္တလေးဦးဘသီနှင့်ပဲခူးဦးသာဒင်တို့၏အသံမှာ စူးရှလွန်းလှသဖြင့် ဒေါင်းခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့သည်။ ပရိသတ်များသည် လှုပ်လှုပ်ရွရွဖြစ်သွားပြီး ခေါင်းမော့ကြည့်ကြသည်။ ယင်းနောက် ဒေါက်တာဘမော်က အတိုင်ပင်ခံလွှတ်တော်အမတ်တစ်ဦးချင်းအား ခန့်စာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

## အုပ်ချုပ်ရေးစည်းမျဉ်း

အတိုင်ပင်ခံလွှတ်တော်ကို မြန်မာသက္ကရာဇ်၁၃၀၅ခုနှစ် ဥပဒေအမှတ်(၁)ဖြစ်သော“ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ”ပုဒ်မ၁၁၊၁၃ အရဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ပုဒ်မ (၁၂) အရ အတိုင်ပင်ခံလွှတ်တော်တွင် ၂၀ ဦးထက်မနည်း၊ ၂၅ ဦးထက်မများထားရှိပါဝင်စေရမည်ဖြစ်ပြီး နိုင်ငံတော်အဓိပတိကဝန်ကြီးအဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ခန့်အပ်ရမည်ဖြစ်ကြောင်းကိုလည်း ပုဒ်မ(၁၄)တွင် ဖော်ပြပါရှိပါသည်။

## အရည်အချင်း

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်၏အရည်အချင်းကို အုပ်ချုပ်ရေးစည်းမျဉ်းပုဒ်မ(၁၇)၌ဖော်ပြရာတွင် “အများပြည်သူအကျိုးစီးပွားဆောင်ရွက်ဖူးသူ၊သို့မဟုတ် လုပ်ရည်ကြံရည်သော်လည်းကောင်း၊ပညာအရည်အချင်းသော်လည်းကောင်း ထူးချွန်သောကြောင့် တိုင်းပြည်နိုင်ငံ၏အရေးကြီးသောလုပ်ငန်းများအတွက် ကိုယ်စားလှယ်အဖြစ်ဖြင့်ဆောင်ရွက်နိုင်စွမ်းရှိ၍ အသက်အနည်းဆုံး၄၀ကျော်ပြီဖြစ်သော သက်ကြီးဝါရင့်နိုင်ငံအုပ်ချုပ်ရေးသုခမိန်ဖြစ်ရမည်” ဟူ၍ ပါရှိ၏။

အတိုင်ပင်ခံလွှတ်တော်အမတ်၂၀ဦးအနက် သခင်ကိုယ်တော်မှိုင်းက တို့ဗမာအစည်းအရုံးနာယကကြီးဖြစ်၏။ဦးသွင်က အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်းဖြစ်ပြီး ဦးချစ်လှိုင်က အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်းဖြစ်သည်။ဦးမောင်မောင်ဖျား၊ဦးကြီးမြင့်တို့က အထက်လွှတ်တော်အမတ်ဟောင်းများဖြစ်ကြပြီး ဦးထွန်းဖေ၊ ဟသ်ာတဦးမြ၊မန္တလေးဦးဘသီ၊ပဲခူးဦးစိန်ဝင်းတို့က အောက်လွှတ်တော်အမတ်ဟောင်းများ ဖြစ်ကြပါသည်။ လွယ်အိတ်ကြီးဦးဘလှိုင်က အလုပ်သမားအမတ်ဟောင်း၊ ဦးခင်မောင်ပုက မန္တလေးမြို့နီစပါယ်လူကြီး၊ ဦးဘိုးစံက ကျောက်ဆည်ခရိုင်ဝန်ဟောင်း၊ သခင်သာဒင်က ပဲခူးအမျိုးသားကျောင်းအုပ်ကြီးဟောင်း စသည်ဖြင့်ဖြစ်သည်။အတိုင်ပင်ခံလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးသွင်အားခန့်အပ်ခဲ့ပြီး ဒုဥက္ကဋ္ဌအဖြစ် လွယ်အိတ်ကြီးဦးဘလှိုင်အား ခန့်အပ်ခဲ့ပါသည်။

## လုပ်ငန်းတာဝန်

အတိုင်ပင်ခံလွှတ်တော်အမတ်များသည် အဓိပတိကို အကြံဉာဏ်ပေးကြရသူများဖြစ်ကြ၏။ အကြံပေးရသည့်အချက်ဖချက်ပါရှိရာ ယင်းတို့မှာ အခွန်တော်ကိစ္စ၊နှစ်စဉ်ရသုံးခန့်မှန်းခြေငွေကြေး၊အစိုးရထုတ်ငွေစု(ဒီဘင်ချာ)စာချုပ်၊သာမန်ဥပဒေပြုခြင်း၊စစ်ပြေငြိမ်းရေးစာချုပ်နှင့်စာချုပ်မချုပ်ဆိုမီကြိုတင်အတည်ပြုချက်လိုအပ်သော ယာယီစာချုပ်မျိုးများ(ပုဒ်မ ၁၁၊၂၀)နှင့်အုပ်ချုပ်မှုစီမံရေးအဖွဲ့ဆိုင်ရာအကြောင်းအချက်ဟူ၍ ဖြစ်ပါသည်။ယင်းလုပ်ငန်းတာဝန်များသည် ပုဒ်မ(၆၃)အရအုပ်ချုပ်ရေး ဥပဒေသစ်တစ်ခုစတင်အတည်ဖြစ်သည့်အချိန်တွင် ရပ်စဲရမည်ဖြစ်သည်။

## အခွင့်အရေး

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်အမတ်များ၏ ရပိုင်ခွင့်ကားအထူးနည်းပါးလှသည်။ဝန်ကြီးများလစာ၁၂၀၀ကျပ်ရရှိနေချိန်တွင် လွှတ်တော်အမတ်များမှာ လစာမရဘဲ ဂုဏ်ထူးဆောင်ခရီးစရိတ်ဟူ၍ ကျပ်၄၀၀သာ ရရှိကြသည်။သို့ဖြစ်၍ တစ်ကြိမ်တွင် လွှတ်တော်အမတ်၏အဆင့်အတန်းအခြေအနေကိုမေးမြန်းကြရာမှ အမတ်များကမကျေနပ်ကြဘဲလွှတ်တော်အတွင်းမှ ဆန္ဒပြထွက်ခွာသွားခဲ့ဖူးပါသည်။အတိုင်ပင်ခံလွှတ်တော်ဥက္ကဋ္ဌဦးသွင်သည် မည်သို့ မှုမတတ်နိုင်ခဲ့ပေ။ နောက်ပိုင်း ၁၂ ဇန်နဝါရီ၁၉၄၄တွင် အချက်၄ချက်ပါ အတိုင်ပင်ခံလွှတ်တော်အမတ်များ၏ရာထူးဆိုင်ရာအထူးအခွင့်အရေးများနှင့်ပတ်သက်သောဥပဒေ(ဥပဒေအမှတ်၁၉)ကိုထုတ်ပြန်ကာ အခွင့်အရေးများ ပေးအပ်ခဲ့ရသည်။

## ကမ္ဘာ့သက္ကရာဇ်

တစ်ကြိမ်တွင် တရားရေးဌာနဝန်ကြီးဦးသိန်းမောင်က မိမိတို့သည် နယ်ချဲ့အင်္ဂလိပ်ကိုမုန်းတီးခဲ့ကြသူများဖြစ်သည့်အလျောက် ခရစ်သက္ကရာဇ်(ခရစ်နှစ်ရက်စွဲ)ဟူသောအသုံးကို ကမ္ဘာ့သက္ကရာဇ်ဟု ပြောင်းလဲခေါ်ဆိုသုံးစွဲသင့်ကြောင်း တင်ပြပြောဆိုခဲ့သည်။ဝန်ကြီးဦးသိန်းမောင်၏အဆိုကို အတိုင်ပင်ခံလွှတ်တော်အမတ်အများက သဘောမတူဘဲ ကန့်ကွက်ခဲ့ကြသည်။ ဝန်ကြီးဦးသိန်းမောင်က ခရစ်သက္ကရာဇ် (ခရစ်နှစ်ရက်စွဲ)သည် နယ်ချဲ့အင်္ဂလိပ်တစ်ဦးတည်းနှင့်မသက်ဆိုင်ဘဲ ကမ္ဘာတစ်ဝန်းလုံးက သုံးစွဲလျက်ရှိရာ ကမ္ဘာ့သက္ကရာဇ်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အခြားတိုင်းပြည်များက အဘယ့်ကြောင့်အမည်ပြောင်းလဲမသုံးစွဲနိုင်ရသနည်းဟု စောဒကတက်၏။ ထိုအခါ အတိုင်ပင်ခံလွှတ်တော်အမတ်ဒီးဒုတ်ဦးဘချိုက ခရစ်နှစ်ဟူသည် ခရစ်တော်မွေးဖွားသောမွေးနေ့ရက်စွဲကိုမူတည်တွက်ချက်ထားခြင်းဖြစ်ကြောင်း ကမ္ဘာ့ပြက္ခဒိန်အကြောင်းနှင့်ယှဉ်၍ ရှင်းလင်းပြောကြားခဲ့သည်။ အကယ်၍ အမည်ပြောင်းလဲခေါ်ဆိုမည်ဆိုပါက နောင်အမှတ်အသားများလွဲမှားသွားနိုင်ကြောင်းလည်း ရှင်းပြ၏။

## စည်းလုံးညီညွတ်မှု

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်အမတ်များကား စည်းလုံးညီညွတ်မှုနည်းပါးလှသည်ဆို၏။တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲမှားမှုကများနေရာ တစ်နေ့လွှတ်တော်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မြေခွေးပုံပြင်ဥပမာဖြင့် ပြောပြသတိပေးခဲ့ရသည်ဆိုပါသည်။အတိုင်ပင်ခံလွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ယခုကဲ့သို့သော ဂျပန်များက မြန်မာတို့အပေါ် အထင်အမြင်သေးနေချိန်တွင်မိမိတို့အချင်းချင်းစည်းလုံးညီညွတ်မှုမရှိဘဲ တစ်ဦးကို တစ်ဦးချိုးနှိမ်နေကြလျှင် ဝန်ကြီးအဖွဲ့နှင့်အဓိပတိဒေါက်တာဘမော်တို့မှာမဲနယ်အိုးအတွင်းလိမ့်ကျသောမြေခွေးကဲ့သို့ဖြစ်လိမ့်မည်ဟုကရုဏာသောသောဖြင့် ပြောဆိုဆုံးမခဲ့သည်။

## လွှတ်တော်တွင်းအတွေ့အကြုံ

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်တွင် လွှတ်တော်အမတ်တစ်ဦး၏အတွေ့အကြုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ယင်းလွှတ်တော်အမတ်မှာ စကားပြောအလွန်ရှည်သူဖြစ်ရာ တစ်ကြိမ်တွင် မြန်မာပြည်ကြီးဂြိုဟ်စီးဂြိုဟ်နင်းမကောင်းဘဲ ကပ်ဆိုက်လုနီးနီးဖြစ်နေရာ အဓိပတိအရှင်မင်းကြီးနှင့်တကွ ဝန်ကြီးများ ဂြိုဟ်ပြေနံ့ပြေဥပုသ်ရက်ရှည်စောင့်သင့်ကြောင်း ပုံတိုပတ်စများဖြင့် ရှည်ရှည်လျားလျားပြောဆိုနေ၏။လွှတ်တော်ဥက္ကဋ္ဌဦးသွင်က အမတ်တစ်ဦးလျှင်စကားပြောခွင့်မိနစ်၂၀သာဖြစ်သဖြင့် ဘဲလ်တီး၍သတိပေးသည်။သို့သော် မရပ်ဘဲ ဆက်ပြောမြဲပြောနေရာ နှစ်ကြိမ်တိုင်ဘဲလ်တီးသတိပေးကာ ဦးသွင်က ထုတ်ဖော်ပြောရတော့သည်။


ထိုစဉ် ယင်းအတိုင်ပင်ခံလွှတ်တော်အမတ်မှာဒေါသထွက်ကာကျွန်ခေတ်(အင်္ဂလိပ်ခေတ်)ကလွှတ်တော်တွင်ပြောချင်ရာကိုလွတ်လပ်စွာပြောနိုင်ကြောင်း၊ယခု ၎င်းတို့ကို မောင်းထုတ်ပြီးလွတ်လပ်သောခေတ်ကြမှ ချုပ်ချယ်တာတွေများလှကြောင်း၊ မြန်မာပြည်ကြီးကပ်ဆိုက်မည်ဆိုး၍ မိမိကသတိပေးခြင်းကို နားမထောင်လိုလျှင် ကိုယ့်ထိုက်နှင့်ကိုယ့်ကံ၊ ခံကြရုံသာရှိကြောင်းပြောဆိုလျက်လွှတ်တော်အတွင်းမှထွက်ခွာသွားတော့၏။ဆရာကြီးဒီးဒုတ်ဦးဘချိုက ယင်းလွှတ်တော်အမတ်လွှတ်တော်ဧည့်ခန်းတွင်း၌ ဆေးလိပ်သောက်ရင်းအိပ်ပျော်သွားခဲ့ဖူးကြောင်းကိုလည်း တပည့်များအား ပြောပြခဲ့သည်။ ထို့ပြင် လေးချိုးတစ်ပုဒ်ကိုပင်ရေးဖွဲ့ခဲ့သေး၏။

## အတိုင်ပင်ခံလွှတ်တော်လေးချိုး

ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်နှင့်ပတ်သက်၍ ထိုခေတ်အတိုင်ပင်ခံလွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဒီးဒုတ်ဦးဘချိုက လေးချိုးတစ်ပုဒ်ဖြင့်ရေးဖွဲ့မှတ်တမ်းတင်ခဲ့ရာ ယင်းလေးချိုးမှာ “ကဿက၊ နာမလှိုင် စည်တဲ့၊ ရခိုင်ပြည်အမတ်မင်းရယ်လို့၊ မာန်တင်း၍ တက်ခဲ့ပါ။ စည်းအဝေးတွင်ဖြင့်၊ နည်းပေးမည်အမောင်ကြံ၍၊ တဘောင်သံသိုက်သမိုင်းတွေနှင့်၊ ဝိုက်သိုင်းကာပလ္လင်ခံမှုဖြင့်၊ အင်မတန်လျှာရှည်လှတဲ့ပြင်၊ ဆွေးနွေးပုံမဆိုင်သပရယ်ဟု၊ နည်းဥပဒေစည်းတွေပြပါလို့၊ ထားကြခါခါ။ ဟိုရင်ခါလွှတ်တော်တွင်းမှာဖြင့်၊ ကိုယ်ထင်ရာစွတ်အော်ငြင်းနိုင်တဲ့၊ လွတ်လပ်ခြင်းသည် ချိန်ခါ၊ ဘယ့်နှာကြောင့်မတူသတုန်း။ ငါ့လခွေးသာပ၊ ပထွေးကို အင်္ဂလန်သို့၊ အလျှင်အမြန်မောင်းကာ ထုတ်ပါလို့၊ ဒို့ပြေကို ဒို့တတွေအုပ်ခါမှ၊ ချုပ်အချယ်သည်လောက်များလျှင်ဖြင့်၊ လွှတ်ပါးမောင်သွေ့ခွာလို့၊ ဇကစာအနေမျိုးငယ်နှင့်၊ ရေအိုးအသာမှီတော့မယ်၊ ကပ်အလီလီဘယ်လိုဆိုက်စေတော့၊ သူ့ထိုက် သူ့ကံထားပါလို့၊ ထညှောင့်ဝန်တွေကို ဘယ်လို သနားသော်လည်း၊ ဥပေက္ခာဖြဟ္မစိုရ်ပွားတော့မယ်၊ သွားပေါ့မောင်ဘုန်း။” ဟူ၍ ဖြစ်သည်။

***ကျမ်းကိုး***

၁။ စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ (မစ္စတာအိုးနိုတိုးရု)
၂။သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(တတိယတွဲ)(လူထုဦးလှ)
၃။ ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်(မြဟန်)
၄။အာဇာနည်ခေါင်းဆောင်ကြီးဒီးဒုတ်ဦးဘချို(သခ်ါ)


ဂျပန်ခေတ်လွတ်လပ်ရေးအခမ်းအနားတွင်အတိုင်ပင်ခံလွှတ်တော်အမတ်များသစ္စာပြုရန်စောင့်ဆိုင်းနေကြစဉ်


အတိုင်ပင်ခံလွှတ်တော်ဒုဥက္ကဋ္ဌဦးဘလှိုင်


အတိုင်ပင်ခံလွှတ်တော်ဥက္ကဋ္ဌဦးသွင်

